ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၂၆ /၂၀၂၄

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်သည့်အမိန့်ကြော်ငြာစာ

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်များ တင်သွင်းခြင်းအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

(က). အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ရရှိပြီး ဖြစ်ရမည်၊

( ခ ) လျှပ်စစ်သုံးယာဉ်တင်သွင်းမည့် ကုမ္ပဏီများသည် လျှပ်စစ်သုံးမော်တော်ယာဉ် အရောင်းပြခန်းဖွင့်လှစ်ခွင့် မှတ်ပုံတင်လက်မှတ်ရရှိပြီးဖြစ်ရမည်၊

( ဂ ) လျှပ်စစ်သုံးယာဉ်တင်သွင်းမည့် ကုမ္ပဏီများသည် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီက သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ခွင့်ပြုထားသည့် အစီးအရေအတွက်ကိုသာ တင်သွင်းရမည်၊

(ဃ) လျှပ်စစ်သုံးယာဉ်တင်သွင်းမည့် ကုမ္ပဏီများသည် တင်သွင်းမည့် လျှပ်စစ်သုံးယာဉ်များအတွက် လိုအပ်သည့်အာမခံမှု၊ အပိုပစ္စည်းများ (Spare Parts) ရရှိနိုင်မှုနှင့် ရောင်းချပြီးနောက်ပိုင်း ပြင်ဆင်မှုများ (After- Sale Service) ကို ဆောင်ရွက်နိုင်သည့် အစီအမံထားရှိရမည်၊

(င) လျှပ်စစ်သုံးမော်တော်ယာဉ် အရောင်းပြခန်းဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီများသည် -

(၁) မြန်မာနိုင်ငံသားကဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်၊

(၂) တင်သွင်းမည့် လျှပ်စစ်သုံးယာဉ်၏ အမှတ်တံဆိပ် (Brand) တစ်ခုစီ အတွက် ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာရုံး (Regional Office) မှ ဖြစ်စေ လျှပ်စစ်သုံးမော်တော်ယာဉ်အသစ်များ ဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ် (Distributorship) သို့မဟုတ် အရောင်းကိုယ်စားလှယ် (Dealership) အဖြစ် တရားဝင်ခန့်အပ်ခြင်းခံရသည့် ကုမ္ပဏီဖြစ်ရမည်၊

(၃) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြု မိန့်နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလိုင်စင် ရရှိပြီးသူ ဖြစ်ရမည်၊

(၄) ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ကင်းရှင်းကြောင်း အထောက်အထား တင်ပြရမည်၊

(၅) အရောင်းပြခန်းဖွင့်လှစ်မည့်နေရာ၊ အဆောက်အဦ၊ သိုလှောင်ရုံ တို့ကို ရွေးချယ်ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(၆) လျှပ်စစ်သုံးယာဉ်အရောင်းပြခန်း၏ အကျယ်အဝန်းနှင့် သိုလှောင်ရုံ၏ အကျယ်အဝန်း တို့သည် ပူးတွဲပါသတ်မှတ်ချက်အတိုင်း ဖြစ်ရမည်၊

(၇) အရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် ယင်းအရောင်းပြခန်း ဖွင့်လှစ်မည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခု အတွင်း၌သာ တည်ရှိရမည်၊

(စ) လျှပ်စစ်သုံးယာဉ် တင်သွင်းရောင်းချမည့် ကုမ္ပဏီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့်ဘဏ်တွင် မြန်မာငွေကျပ်သိန်း ၅၀၀ ပေးသွင်းထားကြောင်း ဘဏ်အာမခံချက် (Bank Guarantee) တင်ပြရမည်၊

(ဆ) လျှပ်စစ်သုံးယာဉ်တင်သွင်းမည့် ကုမ္ပဏီများသည် အရောင်းပြခန်း မှတ်ပုံတင်လက်မှတ်နှင့် စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ် တို့ကို သက်တမ်းမကုန်မီ သတ်မှတ်ထားသည့် ရက်ပေါင်း ၉၀ အတွင်း ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပြီး ထိုသို့လျှောက်ထားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ကင်းရှင်းကြောင်း အထောက်အထားပါရှိရမည်။

၂။ ဤအမိန့်ကြော်ငြာစာပါ လျှပ်စစ်သုံးယာဉ်ဟူသောစကားရပ်တွင် လျှပ်စစ်သုံးလူစီးယာဉ်နှင့် ခရီးသည်တင်ယာဉ်တို့ အကျုံးဝင်ပြီး ဘက်ထရီသုံးလျှပ်စစ်သုံးယာဉ် (Battery Electric Vehicle-BEV) ယာဉ်များသာ ဖြစ်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၄။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ)

ထွန်းအုံ

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁ / ၂ - ၃၇ / ၂၀၂၄ ( ၃၂ )

ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံ ပြန်တမ်းအပိုင်း(၁)တွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်
(ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။)

အမိန့်အရ

၃၀.၄.၂၀၁၄

အောင်သွင်ဦး
ညွှန်ကြားရေးမှူးချုပ်

ပူးတွဲ

## လျှပ်စစ်သုံးယာဉ်အရောင်းပြခန်း ဖွင့်လှစ်နိုင်ရေးအနိမ့်ဆုံးစံနှုန်းသတ်မှတ်ချက်များ

၁။ မြေအကျယ်အဝန်း - ၁၀,၀၀၀ စတုရန်းပေ (အရောင်းပြခန်းနှင့် Service Center ဧရိယာနှင့် ဧည့်နားနေခန်း၏ စုစုပေါင်း ဧရိယာသည် ၅,၀၀၀ စတုရန်းပေရှိရမည်။)

၂။ သိုလှောင်ရုံ - ၅,၀၀၀ စတုရန်းပေ (အမိုး၊ အကာတည်ဆောက်ပြီးဖြစ်ရမည်၊ သိုလှောင်ရုံအတွင်းရှိ ပစ္စည်းများရှင်းလင်းပြီးဖြစ်ရမည်။)

၃။ ပြခန်းဥပမိ - ရှေ့မျက်နှာစာနှင့်ဘေး မှန်ခန်းဖြစ်ရမည်။ နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီရမည်။

၄။ ဆိုင်းဘုတ် - ၅၀ စတုရန်းပေ (Distributor/ Dealer အဖြစ် ခန့်အပ်ခံရသည့် ယာဉ်၏ အမှတ်တံဆိပ်ကို နိုင်ငံတကာစံနှုန်းနှင့်အညီ တပ်ဆင်ရမည်။)

၅။ လမ်းနှင့်အကွာအဝေး - ၁၂ ပေ

၆။ လူနေသည့်အဆောက်အဦတွင် ဖွင့်လှစ်ထားခြင်းမဖြစ်စေရ၊

၇။ အရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် တစ်ဆက်တည်းဖြစ်နေသော်လည်း မြေအကျယ်အဝန်း စံနှုန်း ကိုက်ညီမှုရှိပါက ဖွင့်လှစ်ခွင့်ပြုသည်၊

၈။ မြေနေရာရရှိမှုအပေါ်မူတည်၍ မြေအကျယ်အဝန်း သတ်မှတ်ချက်ကို ၁၀ ရာခိုင်နှုန်း ဖြေလျှော့ဆောင်ရွက်ခွင့်ပြုသည်။